တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည်

ညစဉ်ညတိုင်းအိပ်ရာဝင်သောအခါ မိမိ၏လက်ဖဝါးနှစ်ဖက်ကိုပူးကပ်စုရုံးတော်မူပြီး ယင်းလက်ဖဝါးနှစ်ဖက်တွင်

စူရဟ်အိခ်လာဆ်ွ၊ စူရဟ်ဖလပ်က်၊ စူရဟ်နာစ်တို့ကို

ဖတ်ရွတ်ကာ မန်းမှုတ်တော်မူသည်။

အာအိရှဟ်(ရဿွိယလ္လာဟုအန်ဟာ)က ဆင့်ပြန်ခဲ့သည်။တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် ညစဉ်ညတိုင်းအိပ်ရာဝင်သောအခါ
မိမိ၏လက်ဖဝါးနှစ်ဖက်ကို ပူးကပ်စုရုံးတော်မူပြီး ယင်းလက်ဖဝါးနှစ်ဖက်တွင်
စူရဟ်အိခ်လာဆ်ွ၊ စူရဟ်ဖလပ်က်၊ စူရဟ်နာစ်တို့ကို ဖတ်ရွတ်ကာ မန်းမှုတ်တော်မူသည်။
ထို့နောက် ၎င်းလက်ဖဝါးနှစ်ဖက်ဖြင့် ရောက်နိုင်သလောက် ခန္ဓာကိုယ်နေရာအနှံ့ကို
ပွတ်သပ်တော်မူသည်။ကိုယ်တော်သည် လက်ဖဝါးနှစ်ဖက်ဖြင့် ပထမဦးဆုံး ဦးခေါင်း၊
၎င်းနောက်မျက်နှာ၊ ၎င်းနောက်ခန္ဓာကိုယ်အရှေ့ဘက်မှစ၍ ပွတ်သပ်တော်မူသည်။
ကိုယ်တော်သည် ထိုအတိုင်းပင် သုံးကြိမ်သုံးခါ ပြုလုပ်တော်မူသည်။
[صحيح] [رواه البخاري]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)၏ ကျင့်ဆောင်မှုနည်းလမ်းတစ်ခုမှာကိုယ်တော်သည် အိပ်စက်ရန်အိပ်ရာဝင်သည့်အခါ ဒုအာတောင်းသူ ပြုလုပ်သကဲ့သို့မိမိ၏လက်ဖဝါးနှစ်ဖက်ကို ပူးကပ်စုရုံးတော်မူပြီး အပေါ်သို့မြှောက်ကာစူရဟ်အိခ်လာဆ်ွ၊ စူရဟ်ဖလပ်က်၊ စူရဟ်နာစ်၊ သုံးပုဒ်ကို ဖတ်ရွတ်တော်မူပြီးထိုလက်ဖဝါးနှစ်ဖက်ထဲသို့ တံတွေးအနည်းငယ်ပါသောလေဖြင့်ဖြေးညင်းစွာမန်းမှုတ်တော်မူသည်။ ၎င်းနောက် ထိုလက်နှစ်ဖက်ဖြင့် ဦးခေါင်း၊မျက်နှာနှင့် ခန္ဓာကိုယ်၏ ရှေ့ပိုင်းတို့မှ စတင်၍ ရောက်နိုင်သမျှခန္ဓာကိုယ်နေရာအနှံ့ကို ပွတ်သပ်တော်မူသည်။ ကိုယ်တော်သည် ဤအတိုင်း သုံးကြိမ်သုံးခါပြုလုပ်တော်မူသည်။

http://sunnah.global/hadeeth/my/show/65060